# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်

## (Family reunification order)

လူငယ်များအတွက် သတင်းအချက်အလက်

(Information for young people)

**Burmese | မြန်မာ**

**OFFICIAL**

ဤစာရွက်စာတမ်းသည် ဥပဒေအကြံဉာဏ် မဟုတ်ပါ။ သင့်တွင် မေးခွန်းများရှိပါက ရှေ့နေ၏ အကူအညီကို ရယူရန် အကြံပြုပါသည်။

## အကြောင်းအရာများ


**မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်၏ သက်တမ်း .......... 2**

**သင်နေထိုင်ရမည့်နေရာ .......... 3**

**အိမ်ပြင်ပတွင် ပြုစုစောင့်ရှောက်ခံနေရသော ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာ စာတမ်း (Charter for Children in Out-of-home Care) .......... 3**

**သင့်မိဘများနှင့် တွေ့ဆုံခြင်း .......... 4**

**ဝန်ထမ်း၏ လုပ်ဆောင်ချက်များ .......... 4**

**မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (family reunification order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား? .......... 5**

**တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက .......... 6**

**ဥပဒေဆိုင်ရာ အကြံဉာဏ် ရယူနိုင်သည့်နေရာများ .......... 6**

**ဆက်သွယ်ရန် အချက်အလက်များ .......... 7**


ကလေးသူငယ်များဆိုင်ရာ တရားရုံး (Children's Court) မှ တရားသူကြီးတစ်ဦးက **မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (Family Reunification Order)** တစ်ရပ်ကို ချမှတ်လိုက်သည်။ ဤအမိန့်ချမှတ်ရခြင်းမှာ သင်၏ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နိုင်သည့် အခြေအနေများရှိနေပြီး ကာကွယ်စောင့်ရှောက်မှု ပေးရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။

VICTORIA State Government | Families, Fairness and Housing

ဤအမိန့်အရ သင့်မိဘ(များ)က သင်၏ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် စိုးရိမ်မှုများကို ဖြေရှင်းပေးနေစဉ်အတွင်း သင့်ကိုစောင့်ရှောက်ပေးသူတစ်ဦးက ပြုစုစောင့်ရှောက်ပေးမည် ဖြစ်ပါသည်။ ဤအမိန့်၏ ရည်ရွယ်ချက်မှာ အနာဂတ်တွင် သင်သည် သင့်မိဘ(များ)ထံသို့ လုံခြုံစွာ ပြန်လည်နေထိုင်နိုင်ရန် ဖြစ်ပါသည်။

တရားရုံးက ဤအမိန့်တွင် လိုက်နာရမည့် စည်းကမ်းချက်များကို ထည့်သွင်းထားနိုင်ပါသည်။ အကယ်၍ ထိုစည်းကမ်းချက်သည် သင်နှင့် သက်ဆိုင်ပါက ၎င်းကို လိုက်နာရမည် ဖြစ်ပါသည်။ သင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူ (သင့်ဝန်ထမ်း) က အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်-

- စည်းကမ်းချက်များကို သင့်အား ရှင်းပြပေးမည်။
- စည်းကမ်းချက်များကို လိုက်နာရန် သင့်အား ကူညီပေးမည်။

ဤအမိန့်အရ Department of Families, Fairness and Housing (department) သည် အောက်ပါအချက်များကို ဆုံးဖြတ်နိုင်သည်-

- သင်နေထိုင်ရမည့်နေရာ
- သင့်ကို မည်သူက စောင့်ရှောက်မည်
- သင် နေ့စဉ်လုပ်ဆောင်ရမည့် လှုပ်ရှားမှုများ ပါဝင်ပါသည်။

ဌာနနှင့် သင့်စောင့်ရှောက်သူများသည် သင့်အတွက် နေ့စဉ်နှင့် ကာလတို ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည် ဖြစ်ပါသည်။ သို့သော် အောက်ပါအခြေအနေများမှအပ ရေရှည်အရေးကြီးသော ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို သင့်မိဘများ၏ သဘောတူညီချက်မပါဘဲ ချမှတ်နိုင်မည် မဟုတ်ပါ -

- ဥပဒေအရ ခွင့်ပြုထားသည့် သင့်ကျန်းမာရေးဆိုင်ရာ အချို့ကိစ္စရပ်များ
- အမိန့်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့် သက်ဆိုင်သော ကိစ္စရပ်များ စသည်တို့ဖြစ်သည်။

ရေရှည်အရေးကြီးသော ကိစ္စရပ်များဆိုသည်မှာ သင် ကျောင်းတက်ရမည့်နေရာကဲ့သို့သော ကိစ္စရပ်များကို ဆိုလိုပါသည်။

# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်၏ သက်တမ်း

မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့်သည် တရားသူကြီး (Magistrate) က အမိန့်တွင် ရေးသားထားသော ရက်စွဲအထိ အကျုံးဝင်ပါသည်။

မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် သက်တမ်းကုန်ဆုံးရန် နီးကပ်လာသောအခါ တရားရုံးသည် အမိန့်ကို တစ်ကြိမ်လျှင် အများဆုံး (၁၂) လအထိ သက်တမ်းတိုးနိုင်ပါသည်။ တရားရုံးသည် သင့်အကောင်းဆုံး အကျိုးစီးပွားအတွက် ဖြစ်မှသာ ထိုအမိန့်ကို သက်တမ်းတိုးပေးမည် ဖြစ်ပါသည်။

တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-

- ယခင်က သက်တမ်းတိုးထားခြင်းရှိ/မရှိနှင့် ထိုသက်တမ်းတိုးခြင်းကာလ မည်မျှရှိကြောင်း
- သင့်မိဘများက လိုအပ်သည့် အကူအညီများကို ရယူရန် ကြိုးစားခဲ့ခြင်း ရှိ/မရှိ
- မိဘများ၏ ထိန်းချုပ်နိုင်စွမ်းအပြင်ဘက်ရှိ အခြားအခက်အခဲများကြောင့် သင့်ကို လုံခြုံစွာ စောင့်ရှောက်နိုင်ရန် အခက်အခဲဖြစ်ပေါ်ခဲ့ခြင်း ရှိ/မရှိ တရားရုံးက စဉ်းစားပါမည်။

# သင်နေထိုင်ရမည့်နေရာ

တရားရုံးက ဆုံးဖြတ်ချက်ချနေစဉ်အတွင်း သင်သည် အိမ်နှင့်ဝေး၍ နေထိုင်ရပါက သင်ရှိနေသောနေရာတွင် ဆက်လက်နေထိုင်နိုင်ပါသည်။

သင် နေရာပြောင်းရွှေ့ရန် လိုအပ်ပါက ဌာနသည် သင့်မိသားစုဝင် တစ်ဦးဦး သို့မဟုတ် သင်သိရှိသော သူတစ်ဦးဦးနှင့်အတူ နေထိုင်နိုင်ရန် ကြိုးစားစီစဉ်ပေးမည်ဖြစ်သည်။ ထိုသို့ မဖြစ်နိုင်ပါက မွေးစားစောင့်ရှောက်သူ (foster carer) နှင့်အတူ သို့မဟုတ် သင့်ကို လာရောက်စောင့်ရှောက်ပေးမည့်သူများ ရှိသော အိမ် သို့မဟုတ် တိုက်ခန်းတစ်ခုတွင် နေထိုင်ရနိုင်ပါသည်။

ဌာနက သင့်လျော်ကြောင်း အကဲဖြတ်ထားသောသူ တစ်ဦးဦးနှင့်သာ သင် နေထိုင်နိုင်ပါသည်။

အကယ်၍ သင့်တွင် ပြုစုစောင့်ရှောက်ရန်လိုအပ်သော မောင်နှမများရှိပါက ဖြစ်နိုင်လျှင် အတူတကွ နေထိုင်စေမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် မောင်နှမများ အတူနေထိုင်ရန် မဖြစ်နိုင်သော အခြေအနေများလည်း ရှိနိုင်ပါသည်။ ထိုသို့ဖြစ်ပါက အဆက်အသွယ်မပြတ်ရှိရန် အလွန်အရေးကြီးပါသည်။ သင်သည် သင့်မိသားစုနှင့် သူငယ်ချင်းများကို ဆက်လက်တွေ့ဆုံနိုင်ပြီး သင့်ဝန်ထမ်းကလည်း ထိုသို့တွေ့ဆုံနိုင်ရန် စီစဉ်ကူညီနိုင်သည်။

# အိမ်ပြင်ပတွင် ပြုစုစောင့်ရှောက်ခံနေရသော ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာ စာတမ်း (Charter for Children in Out-of-home Care)

သင့်ဝန်ထမ်းသည် *အိမ်ပြင်ပတွင် ပြုစုစောင့်ရှောက်ခံနေရသော ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာ စာတမ်း (Charter for Children in Out-of-Home Care)* မိတ္တူတစ်စောင်ကို သင်ရရှိထားကြောင်း သေချာစေမည် ဖြစ်ပါသည်။ ၎င်းစာတမ်းတွင် သင် အိမ်နှင့်ဝေး၍ နေထိုင်စဉ်အတွင်း မည်သည့်အရာများကို မျှော်လင့်နိုင်ကြောင်း ရှင်းပြထားပါသည်။

# သင့်မိဘများနှင့် တွေ့ဆုံခြင်း

သင့်အတွက် သင့်မိဘများနှင့် ဆက်သွယ်မှုကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးပါသည်။ သင့်ဝန်ထမ်းသည် ထိုသို့ ဆက်သွယ်နိုင်ရန် ကူညီပေးမည် ဖြစ်ပါသည်။ မိဘများနှင့် ဆက်သွယ်ရာတွင် မည်သည့်အခက်အခဲမဆို ဖြစ်ပေါ်ပါက သင့်ဝန်ထမ်းနှင့် ဆွေးနွေးရန် လိုအပ်ပါသည်။

# ဝန်ထမ်း၏ လုပ်ဆောင်ချက်များ

သင့်ဝန်ထမ်းသည်-

- တရားရုံးက အမိန့်ချမှတ်ရန် ဖြစ်စေခဲ့သော ပြဿနာများကို သင်နှင့် ဆွေးနွေးမည်၊
- သင်နှင့် သင့်မိသားစုနှင့်အတူ သင့်အမှုစီမံချက် (case plan) ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်၊
- အမှုစီမံချက်ကို အခါအားလျော်စွာ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်တွင် သင့်ကိုလည်း ပါဝင်စေမည်၊
- အမိန့်ချမှတ်ရန် ဖြစ်စေခဲ့သော ပြဿနာများကို ဖြေရှင်းရာတွင် အခြေအနေများ မည်သို့တိုးတက်နေသည်ကို သင်နှင့်အတူ ဆွေးနွေးသုံးသပ်မည်။ သင် အမြန်ဆုံး အိမ်ပြန်နိုင်ရန် ဤသို့လုပ်ဆောင်ပါမည်၊
- သင်သည် ဘေးကင်းလုံခြုံစွာ အိမ်ပြန်နိုင်ရန် လိုအပ်သည့် ပြောင်းလဲမှုများအကြောင်းကို သင်နှင့် ဆွေးနွေးမည်၊
- အိမ်ပြန်နိုင်ရန် သင်လိုအပ်သည့် အထောက်အပံ့နှင့် ဝန်ဆောင်မှုများအကြောင်းကို သင်နှင့် ဆွေးနွေးမည်၊
- သင့်မိဘများ လုပ်ဆောင်လိုသည့် ပြောင်းလဲမှုများအတွက် ကူညီပေးမည်ဖြစ်ပြီး ၎င်းတို့ကို ကူညီနိုင်ရန် အထူးပြုဝန်ဆောင်မှုများကို ရှာဖွေပေးမည် ဖြစ်ပါသည်။

သင့်ပြဿနာများ သို့မဟုတ် စိုးရိမ်ပူပန်မှုများကို သင့်ဝန်ထမ်းနှင့် ပြောဆိုပါ။ သင့်ကို ကူညီပေးရန်မှာ သူ၏ တာဝန်ဖြစ်ပါသည်။ သင်သည် စိတ်ရှုပ်ထွေးခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်သက်သာသွားခြင်း၊ ဒေါသထွက်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်း စသည့် ခံစားချက်များ ဖြစ်နိုင်ပါသည်။ သင်၏ ခံစားချက်များအကြောင်း ပြောဆိုနိုင်ရန် သင့်အတွက် လုံခြုံသည်ဟု ခံစားရသော လူကြီးတစ်ဦးကို ရှာဖွေပါ။ ထိုသူသည် သင့်စောင့်ရှောက်သူ၊ သင့်ဝန်ထမ်း သို့မဟုတ် အခြားသူတစ်ဦး ဖြစ်နိုင်ပါသည်။ သင်၏ ခံစားချက်များနှင့် ပတ်သက်၍ အကူအညီလိုအပ်ပါက သင့်စောင့်ရှောက်သူ သို့မဟုတ် သင့်ဝန်ထမ်းကို အသိပေးရန် လိုအပ်ပါသည်။

# မိသားစုပြန်လည်ပေါင်းစည်းရေးအမိန့် (family reunification order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား?

သင်သည် ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) သို့ အောက်ပါအတိုင်း လျှောက်ထားနိုင်ပါသည်-

- အမိန့်တွင်ပါရှိသော မည်သည့်စည်းကမ်းချက်မဆိုကို အချိန်မရွေး ပြင်ဆင် (ပြောင်းလဲ) နိုင်သည်။ သင့်မိဘများ သို့မဟုတ် သင့်ဝန်ထမ်းကလည်း ထိုသို့ လျှောက်ထားနိုင်ပါသည်။
- သင့်အခြေအနေ ပြောင်းလဲသွားပြီး သင်သည် နောက်ထပ် အန္တရာယ်မရှိတော့ဟု ယူဆပါက အမိန့်ကို အချိန်မရွေး ရုပ်သိမ်း (ပယ်ဖျက်) နိုင်သည်။ သင့်မိဘများ သို့မဟုတ် သင့်ဝန်ထမ်းကလည်း ထိုသို့ လျှောက်ထားနိုင်ပါသည်။

သင်သည် အမိန့်ကို ပြင်ဆင်ရန် သို့မဟုတ် ရုပ်သိမ်းရန် လျှောက်ထားလိုပါက သင့်ဝန်ထမ်း သို့မဟုတ် သင့်ရှေ့နေကို ဆက်သွယ်၍ အသိပေးနိုင်ပါသည်။

ဌာနသည် သင်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဖြစ်ပါက သင့်မိဘများအား သင့်ကို ပြန်လည်စောင့်ရှောက်ရန် ညွှန်ကြားနိုင်ပါသည်။ ထိုသို့ဖြစ်လာပါက အမိန့်သည် မိသားစုထိန်းသိမ်းစောင့်ရှောက်ရေးအမိန့် (Family Preservation Order) အဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။ ဤဆုံးဖြတ်ချက်မချမီ သင့်ကို ဦးစွာ ဆွေးနွေးမည်ဖြစ်ပြီး အိမ်ပြန်ခြင်းနှင့်ပတ်သက်၍ သင်၏အမြင်ကိုလည်း နားထောင်မည်ဖြစ်ပါသည်။ ဤသို့ဖြစ်နိုင်ရန် အောက်ပါအခြေအနေများ ရှိရမည်-

- အမိန့်သက်တမ်း မကုန်ဆုံးမီ လုံလောက်သော အချိန်ကျန်ရှိရမည်။
- သင့်နှင့်ပတ်သက်၍ အခြားတရားရုံးလျှောက်ထားမှုများ မရှိရပါ။

အိမ်ပြန်ရန် ကြိုးစားခြင်းသည် သင့်အတွက် အကောင်းဆုံးအကျိုးစီးပွား မဟုတ်တော့ပါက ဌာနသည် အခြားအမိန့်တစ်ရပ်အတွက် တရားရုံးသို့ လျှောက်ထားနိုင်ပါသည်။ တရားရုံးက သဘောတူပါက သင်အရွယ်ရောက်သည်အထိ ပြုစုစောင့်ရှောက်ပေးရန် အခြားသူတစ်ဦးကို ဌာနက စီစဉ်ပေးမည် ဖြစ်သည်။

# တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက

ကလေးသူငယ်များဆိုင်ရာ တရားရုံး (Children's Court) ၏ ဆုံးဖြတ်ချက်သည် မမျှတဟု သင်ထင်ပါက အမြင့်ဆုံးတရားရုံး (Supreme Court) သို့ အယူခံဝင်ရန် သင့်တွင် အခွင့်အရေးရှိပါသည်။ ကလေးသူငယ်များဆိုင်ရာ တရားရုံးက အမိန့်ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း အယူခံဝင်ရမည် ဖြစ်ပါသည်။

အယူခံလျှောက်လွှာပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

- မည်သည့် ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) မဆို
- မည်သည့် တရားသူကြီးတရားရုံး (Magistrate's Court) မဆို
- ခရိုင်တရားရုံး (County Court) စသည့်နေရာများတွင် ရယူနိုင်ပါသည်။

ကလေးသူငယ်များဆိုင်ရာ တရားရုံး (Children's Court) ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဆုံးဖြတ်ပါက ရှေ့နေတစ်ဦး၏ အကူအညီကို ရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။

ပိုမိုသိရှိလိုပါက သင့်ဝန်ထမ်း သို့မဟုတ် တရားရုံးတွင် သင့်ကို ကိုယ်စားပြုခဲ့သော ရှေ့နေကို စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဥပဒေဆိုင်ရာ အကြံဉာဏ် ရယူနိုင်သည့်နေရာများ

သင်သည် ဥပဒေဆိုင်ရာ အကြံဉာဏ်ကို အောက်ပါတို့ထံမှ ရယူနိုင်ပါသည်-

- တရားရုံးတွင် သင့်ကို ကိုယ်စားပြုခဲ့သော ရှေ့နေ
- ဒေသခံရှေ့နေ (Yellow Pages ရှိ "Solicitors" အောက်တွင် ဖော်ပြထားသည်)
- Victoria Legal Aid, Melbourne, ဖုန်း 1300 792 387
- Law Institute of Victoria, ဖုန်း (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်း 1800 064 865
- Djirra, ဖုန်း 1800 105 303
- ဒေသခံ community legal service စသည်တို့ဖြစ်သည်။

# ဆက်သွယ်ရန် အချက်အလက်များ

သင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ______________________________

သင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆက်သွယ်ရန် ဖုန်းနံပါတ်-

____________________

၎င်းတို့၏ Department of Department of Families, Fairness and Housing ရုံး -

________________________________________

ပိုမိုသိရှိလိုပါက သင့်ဒေသရှိ Department of Families, Fairness and Housing ရုံးကို ဆက်သွယ်နိုင်ပါသည်။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် ရယူရန် CpManual@dffh.vic.gov.au သို့ အီးမေးလ်ပေးပို့ပါ။

Victorian Government, 1 Treasury Place, Melbourne ၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေပါသည်။

© State of Victoria, Australia, Department of Families, Fairness and Housing, May 2026.

ISBN 978-1-76171-145-9 (pdf/online/MS word)

Available at Child Protection Manual – Family Reunification Order

https://www.cpmanual.vic.gov.au/advice-and-protocols/information-sheets/orders/family-reunification-order

2604564